# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး

# ၂၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၉ - ၉ - ၂၀၁၆ ]

# (သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **အသစ်ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန (၂)ခုတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဒေသခံတိုင်းရင်းသားများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မိမိတို့ မွေးဖွားရာနေရာဒေသများမှ ဆယ်စုနှစ်များစွာ စွန့်ခွာ၍ အလုပ်အကိုင် အခွင့်အလမ်းပေါများရာ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေနိုင်သည့် နေရာဒေသများသို့ သွားရောက် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပြီး ယနေ့ထက်တိုင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ထားခြင်း မရှိသေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစိုးရက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရန် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော့ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတော်အစိုးရ၏ ဒုတိယ(၅)နှစ် သက်တမ်းကာလအတွင်း အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေး၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဦးမနားထန်း၏ သား မောင်ထန်းကီး သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ (GIGA Engineering & Construction SDN BHD Co.,Ltd.) တွင် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသဖြင့် အဆိုပါကုမ္ပဏီမှ နစ်နာကြေးငွေ ရင်းဂစ် ၂၅၀၀ ထုတ်ယူရရှိရေးအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံသံရုံးတို့ ချိတ်ဆက်၍ ဆောင်ရွက်နိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ခ ) ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ဂ ) ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(ဃ) နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၂၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။